# Highlights from DVB Debate's Ethnic Parties and Challenges

## Oct 10, 2015

## "What are the Challenges for Ethnic Parties?"

"ပြည်သူ့စစ်တွေက ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီကနေ ကိုယ်စားလှယ်တွေအဖြစ်အရွေးခံတယ်၊ အဲဒီပြည်သူ့စစ်ရှိတဲ့ ဒေသကလူတွေက သူတို့ကိုကြောက်ရပါတယ်၊ သူတို့ကို စည်းရုံးဖို့ ကျမတို့မှာ ခက်ခဲပါတယ်။ ပြည်သူ့စစ်ကိုပဲ သူတို့မဲထည့်ရမှာလေ"

နန်းထွေးမှုံ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

---

"အခု စစ်ဖြစ်နေတဲ့နေရာတွေက မဲရုံတွေသည် အချိန်မရွေးပျက်သွားနိုင်တော့ ဒါသည်စိန်ခေါ်မှုပါ။ မဲဆွယ်ရမယ့်နေရာဒေသတွေ အားလုံးရောက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေး တအားခက်ပါတယ် စည်းရုံးရေးအချိန် ရက်ပေါင်း ၆၀ အတွင်း မလုံလောက်ပါ"

ဦးဘရန်ဒီး - ရှမ်းပြည်နယ်ကချင်တိုင်းရင်းသားရေးရာဝန်ကြီးတသီးပုဂ္ဂလကိုယ်စားလှယ်လောင်း

---

"ကျနော်တို့တောင်ပေါ်သားတွေ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အသိပညာပိုင်းအားနည်းပါတယ်။ ရက်ပေါင်း ၆၀ အတွင်း ရွာပေါင်း ၁၈၀ ကျော်ရောက်ဖို့ သွားလာရေးအင်မတန်ခက်ပြီး အန္တရာယ်များတယ်။ ကျနော်တို့ မရောက်လိုက်နိုင်တဲ့ ရွာတွေကလူတွေ ရွေးကောက်ပွဲအကြောင်း ဘာမှမသိလိုက်ဘဲ မဲမပေးနိုင်မှာ အင်မတန်စိုးရိမ်ပါတယ်"

မိုင်းဂင်းထူး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ တအန်း(ပလောင်)အမျိုးသားပါတီ

---

"ကျနော်တို့ မဲဆန္ဒနယ် ၅ ခုမှာ ၃ ခုက ပြည်သူ့စစ်စိုးမိုးတယ်။ အဲဒီဒေသတွေရဲ့ မဏ္ဍိုင်ကြီး ၃ ခုလုံး.တရားဥပဒေစိုးမိုးရေးတွေကအစ သူတို့လက်ထဲမှာပဲရှိတယ်။ မဲဆန္ဒရှင်တွေမှာ အကြောက်တရားတွေရှိနေပါတယ်"

စိုင်းစံမင်း - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

---

"ကျမတို့ ဒီနေ့အထိ တပ်မဲစာရင်းမသိရသေးဘူး။ တပ်အင်အားအများကြီးသာ ရှမ်းပြည်နယ်ထဲ ရွှေ့လာမယ်ဆိုရင် ကျမတို့ရှုံးနိုင်တယ်။ စစ်သားတွေက ရှမ်းပြည်နယ်ကနေ မဲထည့်မှာလား၊ တခြားဒေသက မဲထည့်မှာလား ဒါတွေ စိုးရိမ်ပါတယ်"

နန်းထွေးမှုံ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

---

"ကျနော်တို့ တိုင်းရင်းသားဒေသက မဲဆန္ဒရှင်တွေ မဲပေးဖို့ မဲရုံသွားတဲ့အခါ ဖြတ်သန်းသွားလာရမယ့်လမ်းတွေမှာက သူတို့မြင်ရမှာက လက်နက်ကိုင်ထားတဲ့တပ်သားတွေ၊ ပန်းပွင့်ကိုင်ထားသူတွေ မဟုတ်ဘူး။ သူတို့မဲပေးလိုက်တာသည် လျှို့ဝှက်မဲဆိုပေမယ့် သူတို့ကြောက်တယ်ဗျ"

မိုင်းဂင်းထူး - တအန်း(ပလောင်)အမျိုးသားပါတီ

---

"ငြိမ်းချမ်းရေးမရသေးတဲ့အခါကျတော့ မဲစာရင်းအပြည့်အစုံမကောက်နိုင်သေးတာတွေ ရှိပါတယ်"

လဖိုင်ဇော်စိုင်း - သိန္နီမြို့နယ်ကော်မရှင်အဖွဲ့ဝင်

---

"မူဆယ်မှာ မဲပေးနိုင်သူ ၅ သောင်းရှိတယ်၊ တရုတ်နယ်စပ်ဘက်ရောက်နေတဲ့ မဲပေးနိုင်သူ ဦးရေက ၆ သောင်း.ဆိုတော့ ကျမတို့ပါတီက ဒီလူတွေ မဲပေးနိုင်ရေး ရပ်ကျေးတွေအဆင့်ဆင့်တင်ပြီး ကြိုးစားတယ် နေထိုင်တဲ့ရက်ပေါင်း ၁၈၀ မပြည့်လို့ မရဘူးပြောတယ်.ဒါပေမယ့် ပါတီကြီးတခုက အထောက်အထားတွေ အမျိုးမျိုးလုပ်ပြီး အဲဒီလူတွေရဲ့ မဲရအောင်လုပ်နေကြတယ်။ ဒီမဲတွေသာ မသမာလုပ်ခံရရင် ကျမတို့ ရှုံးနိုင်ပါတယ်။"

နန်းထွေးမှုံ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

---